# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 9 , 2023 Volume 69, Number 6

၉.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၅.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၈.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၀.၅၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## မန္တလေးကုန်စည်ဒိုင်တွင် မတ်ပဲနှင့်ပဲစင်းငုံနီဈေးနှုန်း မြင့်တက်လာ

ဩဂုတ်လ ဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် မတ်ပဲအသစ်များ ဈေးကွက်ထဲဝင်ရောက်မှုရှိနေပြီး အဝင်ရှိသလောက် အရောင်းသွက်နေကြောင်း ပြည်ပမှလည်း ဝယ်ယူမှုရှိသောကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

မတ်ပဲ ဖဝပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၂၃၀၀၀၀ မှ ၂၄၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၂၂၀၀၀၀ မှ ၂၃၀၀၀၀၊ ယခင်လ ကျပ် ၁၇၀၀၀၀ မှ ၂၁၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀၀ ၊ ယခင်လထက်ကျပ် ၂၅၀၀၀ မှ ၆၀၀၀၀ မြင့်တက်လာသည်။

ပဲစင်းငုံအနီမှာ ပြီးခဲ့တဲ့အပတ်နှင့် ယှဉ်လျှင်ဈေးအနည်းငယ် ပြန်မြင့်တက်လာကြောင်း ဈေးမြင့်တက်ပေမဲ့ တစ်ပတ်အတွင်းမှာ ဈေးငြိမ်နေတဲ့အခြေအနေဖြစ်ကြောင်း၊ ပဲစင်းငုံနီ လက်ကျန်နည်းခြင်း၊ အိန္ဒိယနိုင်ငံကို တင်သွင်းရမယ့်ပမာဏ သတ်မှတ်ထားတာဖြစ်လို့ ပြည်ပတင်ပို့မည့် ဝယ်လက်အဝယ်ရှိသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

ပဲစင်းငုံ(နီ) ဖဝပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၃၀၅၀၀၀ မှ ၃၁၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၃၀၀၀၀၀ ၊ ယခင်လ ကျပ် ၃၀၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ် ၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၁၀၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဆန်စပါးဈေးနှုန်းတည်ငြိမ်စေရန် ဩဂုတ်လအတွင်း ဆန်မျိုးစုံအိတ်ရေ ၁၇၀၀၀၀ ကို သက်သာသောဈေးဖြင့် ဈေးကွက်အတွင်းထုတ်ရောင်းမည်ဖြစ်ပြီး မြို့နယ်များအလိုက် ရောင်းချနိုင်ရန် ပြင်ဆင်နေ

ဆန်စပါးဈေးနှုန်းတည်ငြိမ်စေရန် ဩဂုတ်လအတွင်း ဆန်မျိုးစုံအိတ်ရေ ၁၇၀၀၀၀ ကို သက်သာသောဈေးဖြင့် ဈေးကွက်အတွင်းထုတ်ရောင်းမည်ဖြစ်ပြီး မြို့နယ်များအလိုက်တွင်လည်း ရောင်းချနိုင်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံဆန်းစပါးအသင်းချုပ်၏ သတင်းထုတ်ပြန်မှုအရ သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဇူလိုင် ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဧည့်မထ အိတ်ရေ ၅၀၀၀၀ အပြင် ထပ်မံ၍ ဧည့်မထ/ရက် ၉၀ စသည့် ဆန်အိတ်ရေ ၁၀၀၀၀၀ နှင့် ပေါ်ဆန်းမျိုးစုံ အိတ်ရေ ၂၀၀၀၀ ၊ စုစုပေါင်း ဆန်မျိုးစုံ အိတ်ကြီး (၂၄ ပြည်) အိတ်ရေ ၁၇၀၀၀၀ ကို ဩဂုတ်လအတွင်း ဈေးကွက်အတွင်းသို့

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ထုတ်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ထပ်မံ၍ ထည့်သွင်းရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းနှင့် Exporter ကုမ္ပဏီကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆန်ဈေးနှုန်းတည်ငြိမ်စေရန် ပြည်တွင်းစားသုံးမှုများသည့်ဆန်များကို ဩဂုတ်လ ၇ ကစတင်၍ ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းရှိ ဆန်စပါးကုန်စည်ဒိုင်၊ ဘုရင့်နောင်ပွဲရုံရှိ ဆန်စပါးကုန်စည်ဒိုင်များတွင် ရောင်းချပေးလျက်ရှိပြီး ဝယ်ယူသူများပြားလျက်ရှိကာ ဆက်လက်ရောင်းချပေးနေကြောင်းသိရသည်။

ထို့ပြင် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ တောင်/မြောက်ဒဂုံ မြို့နယ်များ၊ တောင်/မြောက်ဥက္ကလာ၊ ဒလ၊ တွံတေး၊ မှော်ဘီ၊ မင်္ဂလာဒုံ စသော မြို့နယ်များတွင် နေရာရွေး၍ အရောင်းဆိုင် သတ်မှတ်ဆောင်ရွက်ခြင်း၊ ကားဖြင့်လှည့်လည်ရောင်းချမှုများကိုလည်း စီစဉ်လျက်ရှိပြီး မကြာမီစတင်နိုင်ရန် ပြင်ဆင်နေကြောင်း၊ စီစဉ်ပြီးပါက ထပ်မံထုတ်ပြန်သွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လက်လီဆန်အရောင်းဆိုင်များကိုလည်း တစ်ဆိုင်လျှင် ညွန့်မထဆန် အိတ်အကြီး (၅၀) နှုန်းဖြင့် (နှစ်ပတ်လျှင် တစ်ကြိမ်) စနစ်တကျ စာရင်းပြုစုပြီး ဖြန့်ဝေရောင်းချရန် စီစဉ်သွားမည်ဖြစ်ကြောင်း၊ Online စနစ်ဖြင့် Registration ဆောင်ရွက်ကာ Kpay ဖြင့် ငွေပေးချေပြီး Delivery အရောက်ပို့စနစ်ကိုပါ စီစဉ်ဆောင်ရွက်နေဆဲဖြစ်ကြောင်းသိရသည်။

ဝါးတန်းဆိပ်ကမ်းရှိ ဆန်စပါးကုန်စည်ဒိုင်၊ ဘုရင့်နောင်ပွဲရုံရှိ ဆန်စပါးကုန်စည်ဒိုင်များတွင် ရောင်းချပေးနေသည့် ဆန်ဈေးနှုန်းများအနေဖြင့် ရွှေဘိုပေါ်ဆန်းမွှေးများ (၁၀၈) ပေါင် တစ်အိတ် ကျပ် ၁၁၀,၀၀၀ မှ ကျပ် ၁၂၀,၀၀၀ ကြား၊ ရောဝတီပေါ်ဆန်းမွှေးဆန်များ (၁၀၈) ပေါင် တစ်အိတ် ကျပ် ၉၄,၀၀၀ မှ ကျပ် ၉၇,၀၀၀ ကြား၊ ညွန့်မထ (၁၀ %) (၁၀၈) ပေါင် တစ်အိတ် ကျပ် ၆၅,၀၀၀၊ ညွန့်မထ (၂၅%) (၁၀၈) ပေါင် တစ်အိတ် ကျပ် ၆၀,၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါအစီအစဉ်အရ ဝယ်ယူလိုသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားတင်ပြလျက် ကတ်ပြားတစ်ခုလျှင် တစ်လအတွက် ပေါ်ဆန်းအမျိုးစား ဆန်တစ်အိတ်နှင့် ညွန့်မထအမျိုးအစားဆန် တစ်အိတ်ကို လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စက်ရုံအလုပ်ရုံ၊ ကုမ္ပဏီဝန်ထမ်းများအနေဖြင့် သက်ဆိုင်ဌာန/စက်ရုံအလုပ်ရုံ၊ ကုမ္ပဏီမှ တင်ပြစာများနှင့် Email:admin@mrf.com.mm သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/251869

## အဓိကပြောင်းတင်ပို့နေသည့် မြဝတီလမ်းမကြီး ပျက်စီးသွားသည့်အတွက် ပြောင်းဈေးကွက် ပြန်အေးသွား




ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေသည့်လမ်းကြောင်းဖြစ်သော မြဝတီ-ကော့ကရိတ် အာရှလမ်းသစ်လမ်းပိုင်း ပျက်စီးသွားသောကြောင့် ပြောင်းဈေးကွက် ပြန်အေးသွားကြောင်းသိရသည်။

ဩဂုတ်လ ၇ ရက် နေ့က မြဝတီကော့ကရိတ် အာရှလမ်းသစ်လမ်းပိုင်း တောနော်ရေတံခွန်ကွေ့အနီးတွင် တောင်မြေပြိုကျမှုကြောင့် အာရှကုန်သွယ်ရေးလမ်းမကြီး ပေ ၁၀၀ ခန့် ပြိုကျပျက်စီးသွားကာ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားကြောင်း သိရသည်။

ထို့ကြောင့် ပြည်တွင်းမှ ပြောင်းစေ့များကို ထိုင်းနိုင်ငံသို့ အကောက်ခွန်သက်သာခွင့် သုညရာခိုင်နှုန်းဖြင့် ဖေဖော်ဝါရီလမှဩဂုတ်လအထိ တင်သွင်းခွင့်ပေးထားခြင်းကြောင့် ယခုကာလအတွင်း exporter များအနေဖြင့် အကြိတ်အနယ် တင်ပို့နေရသည့်ကာလဖြစ်၍ ယင်းကိစ္စများကြောင့် အခက်တွေ့နိုင်ကြောင်းသိရသည်။ “မြဝတီက လမ်းကြောင်းပျက်သွားတဲ့အတွက် ဈေးကွက်ကတော့ အေးသွားတယ်။ တစ်ပတ်ဆယ်ရက်အတွင်း ပြန်ပြင်ပေးမယ်ပြောတော့ အဲဒီတစ်ပတ်ဆယ်ရက်အတွင်းမှာ ကုန်သွယ်စီးဆင်းမှု ရပ်သွားနိုင်တယ်။ ရပ်သွားနိုင်တဲ့အတွက် ပြောင်းဈေးအေးသွားနိုင်တယ်။ အခုလောလောဆယ်တောင် တစ်ပိဿာကို ၂၀ လောက် အေးသွားပြီ” ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်ပြောင်းဈေးမှာ တစ်ပိဿာလျှင် ၁၂၁၀ နှင့် ၁၂၃၀ ကြားတွင် အရောင်းဝယ်ဖြစ်နေပြီး ဇူလိုင်လ နောက်ဆုံးအပတ်ကနေ စတင်ဈေးမြင့်တက်လာခဲ့တာဖြစ်သည်။ "ဒီနှစ်က တက်လိုက်ကျလိုက်နဲ့ အခုတော့ငြိမ်နေတယ်။ အခုလောလောဆယ်တော့ လမ်းပိုင်းဆက်သွယ်ရေးမှာ အခက်အခဲဖြစ်နေတယ်။ နောက်ပိုင်းအလားအလာတော့ ခန့်မှန်းရခက်တယ်။ ပြောင်းလက်ကျန် နည်းနည်းလေးရှိတာရယ် လမ်းပိုင်းဆက်သွယ်ကြောင့်ရယ် ပြောရတာခက်တယ်" ဟု ပြောင်းလုပ်ငန်းရှင် တစ်ဦးကပြောသည်။

လမ်းပိုင်းဆက်သွယ်ရေးကောင်းချိန်က တစ်လလျှင် ထိုင်းနိုင်ငံသို့ တန်ချိန် တစ်သိန်းခွဲနှင့်နှစ်သိန်းကြား တင်ပို့နေရကြောင်း သိရသည်။ ထိုင်းနိုင်ငံသို့ တင်ပို့၍မရသော်လည်း Normal trade အနေဖြင့် စာချုပ်ရှိပြီးသားနိုင်ငံတွေဖြစ်သည့် ဗီယမ်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့နေကြဦးမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနယ်စပ်ကုန်သွယ်ရေးမှတဆင့် ၆ လပိုင်းထိ ၁.၇ သန်းတင်ပို့ထားပြီး လက်ရှိထိုင်းနိုင်ငံမှ တခြားနိုင်ငံများထက် ဈေးကွက်ရရှိမှုကောင်းကြောင်း သိရသည်။

ဩဂုတ်လအပြီးမှာတော့ ပြောင်းက လက်ကျန်နည်းသွားမည်ဖြစ်ပြီး ဆောင်းပြောင်းမှာ ၉ လပိုင်း၊ ၁၀ လပိုင်းအတွင်း ပျဉ်းမနား၊ တောင်ငူ၊ ရှမ်းမြောက်၊ ကယားစသည့်ဒေသများမှ ထွက်ရှိမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိ တိုင်းနှင့်ပြည်နယ် ၇ ခုတွင် ပြောင်းစိုက်ဧက ၁ သိန်းခွဲ ဝန်းကျင်မှ နှစ်စဉ် တန်ချိန် ၃သန်းအထိ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၆၁၆၁၂၅.၅၈၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၁၁၃၀၈၉၈.၄၈၀ ကန်ဒေါ်လာတင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူး၄ကပ်ပျော၊ ဆန်၊ ရော်ဘာနှင့်ဆန်ကွဲများ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့တင်ပို့ကုန်၏ ငွေပမာဏသည် ၂၇၅၆၀၄.၂၅၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၃၆၆၀၉.၄၇၀ ဒေါ်လာတင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ ဓါတ်မြေသြဇာများ၊ စက်နှင့်စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဘတ္တရီခြောက်များ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၄၂၅၇၃၈.၃၈၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၀၅၁၆၀.၁၀၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ်၀.၃၄၂ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၂.၃၉ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇုံဌာန**

## ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆန်အခြေအနေကို အနီးကပ်စောင့်ကြည့်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများအား ညွှန်ကြားခဲ့

အိန္ဒိယနိုင်ငံက ဘာစမာတီမဟုတ်သောဆန်ဖြူ (non-basmati white rice) တင်ပို့မှုကို ချက်ချင်း ပိတ်ပင်လိုက်သည့် ညွှန်ကြားချက်ကို ၂၀-၇-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ပြီးနောက် ဆန်ထုတ်လုပ်မှု၊ ပို့ကုန် သို့မဟုတ် သွင်းကုန်အပါအဝင် ဆန်အခြေအနေကို အနီးကပ်စောင့်ကြည့်ရန် ပြည်ပကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနနှင့် စီးပွားရေးသံမှူးများအား ထိုင်းနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် Mr. Keerati Rushchano က ညွှန်ကြားလိုက်ပါသည်။

ယင်းသို့ဆောင်ရွက်ရခြင်းမှာ ထိုင်းနိုင်ငံ၏ အနာဂတ်ဆန်တင်ပို့မှုနှင့်စပ်လျဥ်း၍ လမ်းကြောင်းအစီအစဉ်နှင့် အစီအမံများ ချမှတ်ရန်အတွက် အချက်အလက်များစုဆောင်းရန်ဖြစ်ကြောင်း၊ ပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ အဓိကလုပ်ငန်းတာဝန်မှာ တင်ပို့နေကျဖြစ်သော နိုင်ငံများ၏ ဝယ်လိုအားမြင့်တက်လာမှုကိုဖော်ထုတ်ရန်နှင့် ပို့ကုန်ဈေးနှုန်းအခြေအနေကို ဆန်းစစ်ရန် ကဲ့သို့သော ပို့ကုန်အခြေအနေကို စောင့်ကြည့်ရန်ဖြစ်ကြောင်း၊ ပြည်ပစီးပွားရေးသံမှူးများက နိုင်ငံအလိုက် ဆန်နှင့်စပ်လျဥ်းသည့်မူဝါဒများနှင့် အစီအမံများ အထူးသဖြင့် ဝယ်လိုအားမြင့်တက်လာမှုကို စောင့်ကြည့်နေချိန်တွင် ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနက ပြည်တွင်းဆန်လက်ကျန်နှင့် ဆန်ဈေးနှုန်းများကို စောင့်ကြည့်ရန်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

ဆန်ဈေးကွက်လားရာကို ရှင်းလင်းသေချာစွာ သိရှိရပြီဆိုပါက ကမ္ဘာ့ဆန်ဈေးကွက် အခြေအနေ၏ ပြင်းထန်မှုပေါ် မူတည်၍ သင့်လျော်သော အစီအစဉ်များနှင့် အစီအမံများကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြေအနေများသည် ပုံမှန်ဖြစ်ပါက ဈေးကွက်ယန္တရားသည်လည်း ပုံမှန်လည်ပတ်သွားမည်ဖြစ်ပါကြောင်း၊ ဆန်ဝယ်လိုအား မြင့်မားလာသည့် အခြေအနေတွေ့ရှိပါက ဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်မည့် အစီအမံများကို အခါအားလျော်စွာ စဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Keerati က ရှင်းလင်းပြောကြားပါသည်။

ထိုင်းနိုင်ငံသည် ဆန်စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး လုံလောက်သည့် ထုတ်လုပ်မှုနှင့်အတူ ပို့ကုန်အတွက် ပိုလျှံနေသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံအတွင်း၌ ဆန်ပြတ်လပ်မှုမရှိနိုင်ကြောင်း၊ ၁ ပတ်မှ ၂ ပတ်အတွင်း ကမ္ဘာ့ဆန်ဈေးကွက် အခြေအနေကို သဲသဲကွဲကွဲသိနိုင်မည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ဆန်တင်ပို့မှုသည် တန် ၈ သန်းထက် ပိုနိုင်ကြောင်း၊ ပြည်တွင်းဈေးနှုန်းကိုလည်း သင့်တော်သည့် ဈေးနှုန်းအတိုင်း ထိန်းထားမည်ဖြစ်ကြောင်း၊ လယ်သမားများအတွက် ဝင်ငွေတိုးမြင့်လာနိုင်ကြောင်း Mr. Keerati က ပြောကြားခဲ့ပါသည်။

**Source: www.bangkok post. gov**

**( စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_080820230411

## ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ရိက္ခာ ၇ မက်ထရစ်သန်းသည် နောက်လာမည့် လအနည်းငယ်အထိ လုံလောက်မှုရှိ

ဖိလစ်ပိုင်နိုင်ငံတွင် ဆန်ရိက္ခာ တန်ချိန် မက်ထရစ်တန် ၇ သန်း ရှိပြီး ပြည်တွင်းဖူလုံမှုရှိကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့က အတည်ပြုပြောကြားခဲ့ပါသည်။ ရိတ်သိမ်းချိန် ကာလအတွင်း ခြောက်သွေ့ရာသီ ဖြစ်သည့်အတွက် ကောင်းမွန်သည့်အခြေအနေဖြစ်ကြောင်းနှင့် အထွက်နှုန်းစုစုပေါင်း မက်ထရစ် တန် ၅ ဒသမ ၇ သန်းခန့် ရှိမည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာန၏ တာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း ဆန်တန်ချိန်စုစုပေါင်း မက်ထရစ်တန် ၁ ဒသမ ၉ သန်းအား တင်သွင်းခဲ့ပါကြောင်း၊ မိမိတို့၏ ပြည်တွင်းဆန်ရိက္ခာမှာ လိုအပ်ချက်ပမာဏထက် ပိုမို ရှိနေပါကြောင်းနှင့် လာမည့် လအနည်းငယ်အထိ ဖူလုံပါကြောင်း ဖော်ပြပါရှိပါသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံတွင် ယခုအချိန်သည် စိုက်ပျိုးချိန်အမြင့်ဆုံးကာလဖြစ်ပြီး လာမည့်စက်တင်ဘာလတွင် ရိတ်သိမ်းချိန်ဖြစ်သည့်အတွက်ဆန်လုံလောက်မှုရှိပါကြောင်း၊ တစ်ဖက်တွင်လည်း အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (National Food Authority-NFA)၏ ပြည်တွင်းအရန်ဆန် ရိက္ခာပမာဏမှာ တစ်နိုင်ငံလုံးရှိ ဆန်လက်ကျန်ပမာဏနှင့် ကွာခြားမှုရှိနေကြောင်း ဖော်ပြထားပါသည်။

ယခင်က အစိုးရအနေဖြင့် အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (National Food Authority-NFA) မှတစ်ဆင့် ဆန်ဝယ်ယူခဲ့သော်လည်း ယခုအခါ NFA အနေဖြင့် အရေးပေါ်အခြေအနေမှသာ နိုင်ငံတော်သမ္မတမှ ခွင့်ပြုသည့်ပမာဏအတိုင်း ဆန်ဝယ်ယူခွင့်ရှိပါသည်။ ပုဂ္ဂလိကအနေဖြင့် ဆန်တင်သွင်းခွင့်ရရှိထားကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန တာဝန်ရှိသူမှ ပြောကြားခဲ့ပါသည်။

တစ်ချိန်တည်းမှာပင် ၂၀၂၃ ခုနှစ် ဇူလိုင်လ နောက်ဆုံးသတင်းပတ်က ဝင်ရောက်တိုက်ခတ်ခဲ့သည့် စူပါတိုင်ဖွန်း Egay ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့သည့် တောင်သူလယ်သမားများအနေဖြင့် စိုက် ပျိုးရေးဝန်ကြီးဌာန၏ ကူညီထောက်ပံ့မှုများအား လိုအပ်နေပါကြောင်းနှင့် အစိုးရအနေဖြင့်လည်း လိုအပ်သောအထောက်အပံ့များအား ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ယခုကာလအတွင်း ဟင်းသီးဟင်းရွက်များအား စိုက်ပျိုးခြင်းဖြင့် ထုတ်လုပ်မှုအား တိုးမြှင့်သွားမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။

**Source:** https://www.pna.gov.ph/articles/1206956

**(ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/article/Naypyitawstp_090820231100

## မကွေးတိုင်းမှထွက်သည့် ကြက်သွန်နီနှင့်အာလူးကို နိုင်ငံခြားပို့ကုန်သီးနှံအဖြစ်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်

ဩဂုတ် (၇)ရက် နံနက်ပိုင်းက မကွေးတိုင်းအစိုးရအဖွဲ့ရုံး၌ပြုလုပ်သည့် စားဖိုဆောင်သီးနှံ (ကြက်သွန်၊ အာလူး) တိုးချဲ့ စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် မကွေးတိုင်းဝန်ကြီးချုပ် ဦးတင့်လွင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

မကွေးတိုင်းအတွင်း၌ အခြေခံစားသောက်ကုန်ဖြစ်သည့် ကြက်သွန်နီကို မြို့နယ်(၂၅) မြို့နယ်တွင် (၃၇၉၃၁) ဧကနှင့် အာလူးကို မြို့နယ် (၉) မြို့နယ်၌ (၆၇၂)ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း အဆိုပါအစည်းအဝေးတွင် ပြောကြားချက်အရ သိရသည်။

အဆိုပါသီးနှံများကို နည်းစနစ်တကျနှင့် ထိထိရောက်ရောက် ပိုမိုထုတ်လုပ်နိုင်ရန်နှင့် စိုက်ပျိုးသူတောင်သူများအနေဖြင့် ကြက်သွန်နီနှင့် အာလူးကို ပိုမိုစိုက်ပျိုးပါက သီးနှံအထွက်နှုန်းတိုးတက်ပြီး ဝင်ငွေတိုးပွားလာမည်ဖြစ်၍ တစ်ဖက်တစ်လမ်းမှ ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်းလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားသည်။

ထို့ပြင် တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကာ တောင်သူများအနေဖြင့်လည်း ဓါတုဆေး သုံးစွဲမှုများ နည်းစနစ်မှန်ကန်စွာ အသုံးပြုရန်၊ မိရိုးဖလာစိုက်ပျိုးနည်းစနစ်မှ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ Good Agricultural Practice (Gap) စနစ်သို့ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်ကြစေလိုကြောင်းလည်း ထည့်သွင်းပြောကြားသွားသည်။

**Source:** https://www.popularmyanmar.com/?p=124239

## ဖိလစ်ပိုင် ဆန်တင်သွင်းမှု မြန်မာဆန် ဒုတိယအများဆုံး တန်ချိန် ၈ သောင်းကျော် တင်သွင်း

ဖိလစ်ပိုင်နိုင်ငံသည် ဇန်နဝါရီလမှ ဇူလိုင်လအထိ ယခုနှစ် ခုနစ်လအတွင်း ဆန်မက်ထရစ်တန် ၁.၉၆ သန်း တင်သွင်း ခဲ့သည်။ ယမန်နှစ်ထက် ၁၆.၃၇% လျော့နည်းသည်ဟု ဖိလစ်ပိုင်မှ Bureau of Plant Industry (BPI) က ပြောကြားသည်။

ဖိလစ်ပိုင်သည် ပြည်တွင်းဖူလုံရေးအတွက် ဆန်တင်သွင်းရသည့်နိုင်ငံဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍမှ တင်သွင်းရောင်းချသည်။ "ပြည်ပဆန်တင်သွင်းတဲ့ လုပ်ငန်းရှင်တွေအတွက် နိုင်ငံတကာဆန်ဈေးတွေ မြင့်တက်လာတာကြောင့် ဈေးကြီးနေလို့ ပြည်တွင်းမှာ ရောင်းအားကျဆင်းမယ့်အရေးရှိနေတာကြောင့် တင်သွင်းမှု လျော့နည်းလာရခြင်းဖြစ်ပါတယ်"ဟု Federation of Free Farmers ၏ နိုင်ငံလုံးဆိုင်ရာ မန်နေဂျာ Raul Q. Montemayor က ပြောကြားသည်။



အကောက်ခွန်ဗျူရို Bureau of Customs (BoC) အချက်အလက်များအရ ဇူလိုင်လတွင် ဖိလစ်ပိုင်မှ တင်သွင်းသည့် ၅% ဆန်ကွဲပါ ဆန်စျေးသည် တစ်တန်လျှင် ကန်ဒေါ်လာ ၁၀၀ မြင့်တက်လာသည်။

၂၀၂၃ ခုနှစ် ပထမ ၇ လအတွင်း ဖိလစ်ပိုင်သည် ဗီယက်နမ်ဆန်အများဆုံးတင်သွင်းခဲ့သည်။ စုစုပေါင်းတင်သွင်းသည့် တန်ချိန်ပမာဏ၏ ၈၉.၆၈% ကို ဗီယက်နမ်ဆန် တင်သွင်းခဲ့သည်။ ဗီယက်နမ်ဆန် မက်ထရစ်တန် ၁.၇၅ သန်း တင်သွင်းခဲ့သည်။

မြန်မာဆန်ကို ဒုတိယအများဆုံး တင်သွင်းခဲ့သည်။ မြန်မာဆန် မက်ထရစ်တန် ၈၃,၄၆၀ တင်သွင်းခဲ့သည်။ ထိုင်းဆန်ကို တတိယအများဆုံးတင်သွင်းခဲ့သည်။ ထိုင်းဆန် မက်ထရစ်တန် ၇၆,၃၈၇ တန် တင်သွင်းခဲ့သည်။ ဖိလစ်ပိုင်တွင် ဇူလိုင်လအတွင်း မုန်တိုင်းတိုက်ခတ်ပြီးနောက် စပါးခင်းများ ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။ ထို့ပြင် အယ်လ်နီညို၏ သက်ရောက်မှုကြောင့် စပါးထွက်ရှိမှု လျော့ကျနိုင်သည်။ သို့ဖြစ်ရာ စိုးရိမ်မှုများကြားတွင် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပုဂ္ဂလိကကဏ္ဍမှ ဆန်မက်ထရစ်တန် တစ်သန်းကျော် တင်သွင်း ရန် စိုက်ပျိုးရေးလက်ထောက်အတွင်းဝန် Merced A. Sombilla က တိုက်တွန်းသည်။ "တင်သွင်းဖို့ ဆန်မက်ထရစ်တန် ၁.၃ သန်း ခွင့်ပြုထားတယ်။ မသွင်းရသေးတာတွေ ကျန်နေသေးတယ်။ ပုဂ္ဂလိကကဏ္ဍကို ဆန်တင်သွင်းကြဖို့ ကျွန်မတို့ တကယ်တိုက်တွန်းပါတယ်" ဟု သူမကပြောကြားသည်။

ဖိလစ်ပိုင်၏ ဆန်လက်ကျန်သည် ၃၉ ရက်အတွက်သာဖူလုံသည်ဟု သူမကဆိုသည်။ "ကျွန်မတို့ရဲ့ လက်ရှိပြဿနာက စပါးအထွက်နည်းတဲ့ ဩဂုတ်လနဲ့စက်တင်ဘာလတွေမှာ ဆန်တင်သွင်းပေးဖို့ လိုအပ်ပါတယ်။ ကျွန်မတို့မှာ ရက်ပေါင်း ၆၀ စာ ဖူလုံတဲ့ ဆန်လက်ကျန် ရှိနေဖို့လိုတယ်။ ဩဂုတ်လ ၁ ရက်မှာ ၃၉ ရက်စာပဲ ဆန်လက်ကျန်ရှိတယ်လို့ စိုက်ပျိုးရေးဌာနက ပြောပါတယ်" ဟု သူမက ပြောကြားသည်။

သို့ဖြစ်ရာ "ဆန် ၂၁ ရက်စာ လိုနေသည်။ ထို့အတွက် ပြည်ပမှ တင်သွင်းပြီး ဖြည့်တင်းပေးရမည်ဖြစ်သည်။ ဒါပေမဲ့ ဆန်စျေးနှုန်းတွေ မြင့်မားနေတော့ ပုဂ္ဂလိကကဏ္ဍက တင်သွင်းဖို့ ချင့်ချိန်နေကြတယ်" ဟု နိုင်ငံလုံးဆိုင်ရာ မန်နေဂျာ Raul Q. Montemayor က ပြောကြားသည်

ပြည်တွင်းဆန်စျေးကွက်တွင် ပြည်တွင်းထွက်ဆန်နှင့် ပြည်ပမှတင်သွင်းသည့်ဆန်တို့အကြား လက်လီစျေးနှုန်းများ ကွာခြားသည်။

စိုက်ပျိုးရေးဌာနမှထုတ်ပြန်သည့် ဆန်စျေးနှုန်းများစာရင်းအရ ပြည်တွင်းထွက် ဆန်အကောင်းစား (ထိပ်စ) သည် တစ်ကီလိုဂရမ် ပီဆို ၄၀-၄၉ ပေါက်စျေးရှိပြီး အလယ်အလတ် (လတ်စ) သည် ပီဆို ၃၇-၄၄ ပေါက်စျေးရှိသည်။

သွင်းကုန်ဆန်ကို အကောင်းစားဆန်ကိုသာ တင်သွင်းသည်။ အနိမ့်တန်းဆန်များ တင်သွင်းခြင်းမပြုချေ။ သွင်းကုန်ဆန် မက်ထရိုမနီလာတွင် တစ်ကီလိုဂရမ် ပီဆို ၄၄-၄၆ ပေါက်စျေးရှိသည်။

**Source :bworldonline**

https://www.foodindustrydirectory.com.mm/food-industry/cuisine/myanmar/item/6637-myanmar-rice.html

## ဗီယက်နမ် ပို့ကုန်ဆန်စျေးနှုန်းများ စံချိန်သစ်တင်မြင့်တက်

ကမ္ဘာ့ဆန်ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းကျော်တင်ပို့သည့် အိန္ဒိယသည် ပြည်တွင်းဆန်စျေးတက်နေသည်ကို ထိန်းညှိဖို့အတွက် ဘာစမာတီမဟုတ်သည့် ဆန်ဖြူတင်ပို့မှုကို ဇူလိုင် ၂၀ ရက်က တားမြစ်လိုက်သည့်အတွက် ကမ္ဘာ့စျေးကွက်ထဲ ဆန်စီးဝင်မှုကျဆင်းသွားပြီး ဆန်စျေးနှုန်းများ မြင့်တက်ကုန်သည်။

ကမ္ဘာစျေးကွက်ထဲ ဆန်စီးဝင်မှု ကျဆင်းသွားသည့်အတွက် ဗီယက်နမ် ပို့ကုန် ဆန်စျေးနှုန်းသည် ယခုအပတ်တွင် တစ်တန်ကန်ဒေါ်လာ ၆၆၀ အထိ စံချိန်တင် မြင့်တက်ခဲ့ပြီး ပြီးခဲ့သည့် သီတင်းပတ်ကထက် ၁၂ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ပါသည်။

ပထမ ၃ လပတ်တွင် ပျမ်းမျှတစ်တန် ကန်ဒေါ်လာ ၄၅၀ ရှိခဲ့ရာမှ ယခုဩဂုတ်လဆန်းတွင် ကန်ဒေါ်လာ ၅၉၀ သို့ ရောက်ရှိနေသည်ဟု ဗီယက်နမ် စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်မှုဌာနအကြီးအကဲ Tran Duy Dong က ပြောကြားသည်။ အချို့ကုမ္ပဏီများသည် ယခုအခါ ဗီယက်နမ်ဆန်များကို ကန်ဒေါ်လာ ၆၂၀-၆၆၀ ဖြင့် ရောင်းချနေကြသည်။ Can Tho မြို့ရှိ ဆန်တင်ပို့သူ Ngoc Hoa ၏ ကိုယ်စားလှယ် ငုယင်သီဘစ်ဟွာက ကြုံဖူးသမျှ ဈေးအမြင့်ဆုံးဈေးနှုန်းဟု ပြောကြားပါသည်။

ဆန်ဈေးခုန်တက်ခြင်းကြောင့် ဆန်တင်ပို့သူတွေ အခက်အခဲ ကြုံကြရသည်။ ၎င်းတို့ထဲမှ အများစုသည် ယခင်ပေါက်ဈေးဖြင့် ဆန်တင်ပို့ပေးရန်ဝယ်သူများနှင့် စာချုပ်ချုပ်ထားကြသည်။

ဗီယက်နမ်လယ်သမားများသည် ယခုအခါ ပိုမိုမြင့်မားသော ဈေးနှုန်းများကို ဈေးခေါ်နေကြသည်။ သို့ဖြစ်ရာ ပို့ကုန်လုပ်ငန်းရှင်များသည် ဆန်စပါးကို အမြင့်ဈေးပေးပြီး ဝယ်ယူကာ ယခင်ဈေးနှုန်းဟောင်းဖြင့် ချုပ်ဆိုထားသော စာချုပ်များကို တင်ပို့ကြရသဖြင့် ဆုံးရှုံးမှုများ ကြုံတွေ့ရမည်ဖြစ်သည်။

ဗီယက်နမ်သည် ယခုနှစ် ပထမခုနစ်လအတွင်း ဆန် ကန်ဒေါ်လာ ၂ ဒသမ ၅၈ ဘီလီယံဖိုး တင်ပို့ခဲ့သည်။ တင်ပို့သည့် ဗီယက်နမ်ဆန်များတွင် ၇၇%ကို အာရှမှ ဝယ်ယူခဲ့သည်။ ဗီယက်နမ်သည် ယခုနှစ်တွင် ဆန်တန်ချိန် သန်း ၂၀ ထုတ်လုပ်ရန် လျာထားသည်။ ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်အတွက် လုံလောက်သည်ဟု စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ ပြောကြားသည်။

ဗီယက်နမ်စားနပ်ရိက္ခာအဖွဲ့ဥက္ကဋ္ဌ ငုယင်ငုနမ်က ယခုအချိန်တွင် ဗီယက်နမ်သည် ထိုင်းနိုင်ငံကို ကျော်လွန်ကာ အိန္ဒိယပြီးလျှင် ကမ္ဘာပေါ်တွင် ဒုတိယမြောက် ဆန်အများဆုံး တင်ပို့သည့်နိုင်ငံဖြစ်လာကြောင်း ပြောကြားသည်။ ယခင်နှစ်က ထိုင်းသည် ဒုတိယနေရာတွင်ရှိနေပြီး ဗီယက်နမ်က တတိယနေရာတွင်ရှိနေခဲ့သည်။

ယခုနှစ်အတွက် ပြည်ပသို့ ဆန်တန်ချိန် ၂ ဒသမ ၂ သန်း ကျန်ရှိနေဆဲဖြစ်သည်။ ၎င်းပမာဏ တင်ပို့ရန်အတွက် ဗီယက်နမ်တွင် ဆန်အလုံအလောက်ရှိနေသည်ဟု ၎င်းကပြောကြားသည်။ "ကျွန်တော်တို့ရဲ့ ဆန်အရည်အသွေးဟာ ကမ္ဘာ့ဈေးကွက်အများစုရဲ့ အရည်အသွေးလိုအပ်ချက်များအတွက် အဆင့်မီပါတယ်။ နှစ်မကုန်ခင် ကျန်လများအတွင်း ကမ္ဘာ့ဆန်ဝယ်လိုအား မြင့်မားလာမယ်"ဟု ၎င်းကပြောကြားသည်။ ပို့ကုန်လုပ်ငန်းရှင်များအတွက် ဝယ်သူအသစ်များနှင့် ဈေးကွက်ရှာဖွေရန် ရွှေအခွင့်အလမ်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ပြည်တွင်းလိုအပ်နေသော စားနပ်ရိက္ခာဖူလုံမှုကို ပံ့ပိုးပေးရင်း ကမ္ဘာ့ကုန်သွယ်ရေးတွင် ၎င်း၏ ဆန်အမှတ်တံဆိပ်များကို ထူထောင်ပေးဖို့လိုအပ်သည်ဟု စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး ငုယင်ဟောင်ဒင်က ပြောကြားခဲ့သည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6636-vietnam-rice.html

## STOCK EXCHANGE (9.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Aug. 2023

**Total Trading** (Continuous trading + Block trading)

| Trading Volume | Trading Value |
|---|---|
| 13,108 (Shares) | 38,702,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -0 | -0.00% | 8,800 | 8,800 | 8,800 | 1,603 | 14,106,400 | 33,109,694 | 291,365 |
| MTSH | 00002 | 3,050 | -0 | -0.00% | 3,000 | 3,050 | 3,000 | 186 | 567,250 | 38,929,150 | 118,734 |
| MCB | 00003 | 7,500 | -0 | -0.00% | 7,500 | 7,500 | 7,500 | 267 | 2,002,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,650 | -0 | -0.00% | 1,650 | 1,650 | 1,600 | 1,061 | 1,720,650 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | -0 | -0.00% | 2,450 | 2,450 | 2,450 | 40 | 98,000 | 12,823,224 | 31,417 |
| EFR | 00006 | 2,400 | -0 | -0.00% | 2,300 | 2,400 | 2,300 | 3,210 | 7,384,000 | 19,977,223 | 47,945 |
| AMATA | 00007 | 5,000 | -0 | -0.00% | 5,000 | 5,000 | 5,000 | 5 | 25,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,900 | -0 | -0.00% | 1,900 | 1,900 | 1,900 | 6,736 | 12,798,400 | 23,804,946 | 45,229 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


Market summary

As of 9th Aug. 2023

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.61 | +0.00 | +0.00% | 376.52 | 378.61 | 376.52 | 13,108 | 38,702,200 | 8 | 714,132 |

Index chart


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Market Overview

Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 9th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 13,108 (Shares) | 38,702,200 (MMK) |

Main Board

As of 1:00 pm, 9th Aug. 2023

Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,108 (Shares) | 38,702,200 (MMK) |

| MYANPIX | 378.61 ▲ 0.00 |
|---|---|
| Total Volume (shares) | 13,108 |
| Total Value (MMK) | 39 mil |
| Listed Company | 8 |
| Market Cap. (MMK) | 714,132 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,400 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,900 | ▲ 0 |